ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန


# သတ်မှတ်ထားသော Quarantine Centre တွင် ( ၂၁ ) ရက်ပြည့်အောင် နေထိုင်ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးတွင် ပူးပေါင်းခဲ့သည့်အတွက် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

## Quarantine ကာလ ( ၂၁ ) ရက် ပြည့်ပြီးနောက် ပိုမိုစိတ်ချရစေရန် နောက်ထပ် (၇) ရက်အတွင်း ဖော်ပြပါအချက်တွေကို သေသေချာချာလိုက်နာပါ။

| | |
|---|---|
| အိမ်ပြန်ဖို့အတွက် လူအများကြီး လာခေါ်တာမျိုး၊<br>ပွေ့ဖက်နှုတ်ဆက်တာမျိုး လုံးဝမပြုလုပ်ပါနဲ့။ |  |
| နေအိမ်သို့ ပြန်သည့်လမ်းတစ်လျှောက်မှာ<br>ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်သွားပါ။ |  |
| နှာချေ ချောင်းဆိုးရာတွင် တစ်ရှူးအသုံးပြု၍<br>နှာခေါင်းနှင့်ပါးစပ်ကို လုံခြုံအောင် ဖုံးအုပ်ပါ။ |  |
| အသုံးပြုပြီး တစ်ရှူးနှင့် ပါးစပ်နှင့်နှာခေါင်းစည်း<br>(Mask)များကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။<br>ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။ |  |
| မိမိနေအိမ်သို့ပြန်ရာတွင် ဖြစ်နိုင်လျှင် မှန်အလုံပိတ်ယာဉ်များ၊<br>အများသုံးယာဉ်များကို အသုံးမပြုပါနှင့်။ Air-Con အသုံးပြုသော<br>ယာဉ်ဖြစ်ပါက ပြတင်းတံခါးများကို ဖွင့်ထားပါ။ |  |
| လမ်းခရီးတွင် အများသုံးယာဉ်ရပ်နားစခန်းများ၊<br>စားသောက်ဆိုင်များ စသည့်လူအများစုဝေးရာနေရာများတွင်<br>ရပ်နားခြင်းမှ ရှောင်ကြဉ်ပါ။ |  |
| မိမိနေအိမ်သို့ ပြန်ရောက်ပြီး (၇) ရက်အတွင်း<br>နေအိမ်၌သာ နေထိုင်ပါ။ | <br> |

၂၀၂၀ ခုနှစ် ဇူလိုင်လ (၂၃) ရက်

တစ်ဖက်သို့ »

| | |
|---|---|
| နေအိမ်တွင် လေဝင်လေထွက်ကောင်းမွန်စေရန် ပြတင်းပေါက်များကို ဖွင့်လှစ်ထားပါ။ |  |
| တစ်ကိုယ်ရေသုံးပစ္စည်းများ(ပန်းကန်ခွက်ယောက်၊ မျက်နှာသုတ်ပဝါ၊ အိပ်ယာခင်း၊ ခေါင်းအုံးစွပ် - စသည်များ) ကို သီးသန့်ထားရှိပါ။ |   |
| အိမ်သားများနှင့် ရောနှောနေထိုင်ခြင်းမပြုသေးဘဲ တစ်ဦးနှင့်တစ်ဦး ၂ မီတာ (၆ပေ) ခန့်အကွာတွင် နေထိုင်ပါ။ | |
| နေအိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်။ မိတ်ဆွေများနှင့် မိုဘိုင်းဖုန်း / အွန်လိုင်းမှသာ ဆက်သွယ်ပြောဆိုပါ။ |  |
| မိသားစုဝင် (သို့) အခြားသူများနှင့် အနီးကပ်ပြောဆိုဆက်ဆံခြင်း လုံးဝရှောင်ကြဉ်ပါ။ မဖြစ်မနေဆက်ဆံပြောဆိုရပါက ပါးစပ်နှင့်နှာခေါင်းကို နှာခေါင်းစည်း (Mask) ဖြင့် လုံခြုံအောင် ဖုံးအုပ်ပြီး ၆ ပေခန့် အကွာမှ ပြောဆိုပါ။ |  |
| နေအိမ်ရှိ အများသုံးပစ္စည်းတစ်ခုကို မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် လက်ကို စနစ်တကျဆေးကြောပါ။ အကယ်၍ ဆပ်ပြာနှင့်ရေ မရှိပါက Alcohol အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်သော လက်သန့်စင်ဆေးရည်အသုံးပြုပါ။ |   |
| ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့် လက္ခဏာများ ပေါ်ပေါက်လာပါက ခွဲစိတ်ခန်းသုံး ပါးစပ်နှင့်နှာခေါင်းစည်း (Surgical Mask) တပ်ဆင်ပြီး နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်အကြောင်းကြားပါ။ |  |
| လူစုလူဝေးရှိသောနေရာများသို့ လုံးဝ (လုံးဝ) သွားရောက်ခြင်းမပြုရပါ။ |  |

၂၀၂၀ခုနှစ်၊ဧပြီလ(၂၁)ရက်



**Quarantine** ကာလ (၂၁) ရက် ပြီးမြောက်၍ နောက်ထပ် (၇) ရက်အတွင်း ဖော်ပြပါအချက်များကို တိကျစွာ လိုက်နာခြင်းဖြင့် သင့်မိသားစုအား **(COVID-19)** ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်မှု အန္တရာယ်မှ ထိရောက်စွာ ကာကွယ်ပါ။

USAID FROM THE AMERICAN PEOPLE
From the People of Japan
World Health Organization
unicef